**KACHIN WOMEN'S ASSOCIATION THAILAND**

P.O.BOX 415, CHIANG MAI 50000, THAILAND

# ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ၏ ၉ ကြိမ်မြောက် ညီလာခံ ထုတ်ပြန်ချက်

၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်

ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) ၏ ၉ ကြိမ်မြောက်ညီလာခံကို ထိုင်း-မြန်မာနယ် စပ်အနီး လွတ်မြောက်နယ်မြေ တနေရာတွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အ ထိကျင်းပခဲ့ပါသည်။ ညီလာခံသို့ ပြည်တွင်းမှ KWAT ဝန်ထမ်းများ၊ လေ့လာသူများအပါ အဝင်ကိုယ်စားလှယ် ၄၃ ဦး တက်ရောက်ကြပါသည်။

၄ရက်ကြာ ညီလာခံအတွင်း ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လုပ်ငန်းစဉ်နှင့် စီမံကိန်းအသီးသီးမှ လှုပ်ရှားမှုများနှင့် အတွင်းရေးမှူးအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများကို တင်ပြခြင်း သုံးသပ်ခြင်းပြုလုပ်ကြပါသည်။ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်မှု လက်စွဲစာအုပ်နှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများအားမွမ်းမံခြင်းနှင့် အချောသပ်အတည်ပြုခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် လာမည့် ၂ နှစ်တာကာလအတွက် မဟာဗျူဟာ လုပ်ငန်းစဉ်များအားလည်း ရေးဆွဲနိုင်ခံသည်။

ညီလာခံတွင် KWAT ၏ ခိုင်မာသော သံမိဋ္ဌာန်ဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ပြုပြင်ပြောင်းလဲရေး၊ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက် မြှင့်တင်ရေးနှင့် လူကုန်ကူးမှုအပါအဝင် ပုံစံမျိုးစုံဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ဆောင်ရွက်ကြမည်ကို အဖွဲ့ဝင်များမှ ထပ်လောင်းအတည်ပြုကြသည်။ မြန်မာပြည်တွင် တရားမျှတမှုနှင့် ငြိမ်းချမ်းသည့် လူ့ဘောင်ကို တည်ဆောက် မည့် လူငယ်မျိုးဆက်သစ် ခေါင်းဆောင်မှုကို မြှင့်တင်ပေးရန် ဆုံးဖြတ်ကြသည်။ အမျိုးသမီးနှင့် ကလေးများအတွက် အာမခံချက်ရှိသည့် ကျန်းမာရေးမူဝါဒတရပ် ဖွဲ့စည်းတည်ထောင်ရန် ယခုအစည်းအဝေးမှ စိတ်အားထက်သန်စွာ ဆုံးဖြတ်ကြသည်။ စစ်မက်ဖြစ်ပွားနေသည့် ဒေသမှ အမျိုးသမီးများ၏ဘဝ အဆင့်အတန်း တိုးတက်လာစေရေးအတွက် အကောင်းဆုံး ကူညီထောက်ပံ့ရန်လည်း ထက်သန်စွာ ကတိပြုကြသည်။

၂၀၁၇-၂၀၁၈ ခုနှစ် သက်တမ်းတွင် တာဝန်ထမ်းဆောင်ရန် အလုပ်အမှုဆောင်အဖွဲ့ဝင် ၃ဦး၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (၁) နှင့် တွဲဖက်အတွင်းရေးမှူး (၂) တို့ကို ခန့်အပ်တာဝန်ပေးခဲ့သည်။ အကြံပေးအဖွဲ့ဝင် ၂ ဦးကိုလည်း ခန့်အပ်ခဲ့သည်။

KWAT ကို ၁၉ ၉ ၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကချင် အသိုင်းအဝိုင်းအတွင်း အမျိုးသမီးနှင့် ကလေးများ၏ဘဝ တိုးတက်စေရန်နှင့် ငြိမ်းချမ်းသည့် လူ့ဘောင်ကို တည်ဆောက်ရန် ရည်ရွယ်ပြီး ကချင်အမျိုးသမီးများ လုပ်ပိုင်ခွင့်နှင့် တိုးတက်ရေး အတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

**တာဝန်ပေး ခန့်အပ်ခံရသည့် အလုပ်အမှုဆောင်များမှာ**
**၁။ ရှယ်လီဆိုင်း**
**၂။ နာတောင်**
**၃။ လင်ဒါ**

**တာဝန်ပေး ခန့်အပ်ခံရသည့် အတွင်းရေးမှူးများမှာ**
**၁။ မွန်းနေလီ (အထွေထွေ အတွင်းရေးမှူး) +66 855 233 791**
**၂။ ဆန်ထွယ် (တွဲဖက် အထွေထွေအတွင်းရေးမှူး ၁) +66 939 353 970**
**၃။ ဘောက်ဂျာ (တွဲဖက် အထွေထွေ အတွင်းရေးမှူး ၂)**